မေးလေ့မေးထရှိသောမေးခွန်းများ (အပိုင်း ၂)

**အပိုင်းရှည်**

**၁။ အခြေခံ**

**၂။ အဖွဲ့ဝင်ဖြစ်ခြင်း**

**၃။ အဖွဲ့ဝင်ရွေးချယ်မှု**

**၄။ သတင်းအချက်အလက်ပေးပို့ခြင်း**

**၅။ ရှောင်ရှားရမည့် အရာများ**

**၆။ MyLaff မိုင်လပ်ဖ် ဝက်ဘ်ဆိုဒ်**

**၇။ သုတဘဏ်ကို အသုံးပြုခြင်း**

**၁။ အခြေခံ**

**၁-၁။ MyLAFF မိုင်လပ်ဖ်ဆိုတာဘာလဲ။**

MyLAFFဆိုတာ မြန်မာနိုင်ငံရှိနယ်မြေများ၊ ကျေးလက်လူမှုဘဝများ၊ သစ်တောများ၊ ငါးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းရင်းနှီးမြှုပ်နှံမှုများနှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုများအကြောင်းသတင်းအချက်အလက်များကို မျှဝေထားသော ဖိုရမ်တစ်ခုဖြစ်ပါတယ်။

**၁-၂။ MyLAFFဟာဘာကိုကိုယ်စားပြုတာလဲ။**

MyLAFF =Myanmar Land Agribusiness and Forestry Forum (မြန်မာ့မြေယာ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် သစ်တောဖိုရမ်)

**၁-၃။ ရည်ရွယ်ချက်ကဘာလဲ။**

မြန်မာ့မြေယာ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် သစ်တောဖိုရမ် (MyLAFF) ဟာသတင်းအချက်အလက်များနဲ့ ခွဲခြမ်းစိတ်ဖြာခြင်းကိုပိုမိုလွယ်ကူစွာလက်လှမ်းမီနိုင်ပြီးဆုံးဖြတ်ချက်များကိုချမှတ်နိုင်ခြင်းဖြင့် မြန်မာနိုင်ငံရှိ ကျေးလက်ဖွံ့ဖြိုးရေးကို မြှင့်တင်ရန်နဲ့ မြေ၊ သဘာဝရင်းမြစ်စီမံခန့်ခွဲမှုနဲ့ မြေနဲ့ဆိုင်သော ရင်းနှီးမြှုပ်နှံမှုများ (စိုက်ပျိုးရေးလုပ်ငန်း၊ ငါးလုပ်ငန်း၊ သစ်တောစသဖြင့်) နှင့် သက်ဆိုင်သောကိစ္စရပ်များတွင် လုပ်ကိုင်နေသော ဆက်စပ်ပတ်သက်သူများကြားတွင် ဆက်ဆံရေးကို မြှင့်တင်ရန် ရည်ရွယ်ပါတယ်။

### ၁-၄။ ဘယ်လိုအလုပ်လုပ်သလဲ။

မြန်မာ့မြေယာ၊ စိုက်ပျိုးရေးလုပ်ငန်းနဲ့ သစ်တောဖိုရမ် (MyLAFF) ဟာ အသင်းဝင်များကို စာပို့စာရင်းနဲ့ အွန်လိုင်းစာကြည့်တိုက် တို့ကို အင်တာနက်ကိုအသုံးပြု ထောက်ပံ့ပေးပါတယ်။

### ၁-၅။ ဘယ်အချိန်ကစတင်ခဲ့တာလဲ။

ဖိုရမ်ကို ၂၀၁၄ ခုနှစ် ဇူလိုင် ၈ရက်နေ့မှာ စတင်တည်ထောင်ခဲ့ပါတယ်။

### ၁-၆။ မြန်မာ့မြေယာ၊ စိုက်ပျိုးရေးလုပ်ငန်းနဲ့ သစ်တောဖိုရမ် (MyLAFF) နှင့် အခြားသတင်းအချက်အလက် လမ်းကြောင်းများကြားက ခြားနားချက်ကဘာလဲ။

မြန်မာ့မြေယာ၊ စိုက်ပျိုးရေးလုပ်ငန်းနဲ့သစ်တောဖိုရမ် (MyLAFF) ဟာ တရားဝင်အစည်းအဝေးများနဲ့ ပုံနှိပ်ထုတ်ဝေမှုတွေအတွက် အစားထိုးတဲ့ဖိုရမ် မဟုတ်ပါဘူး။ သတင်းအချက်အလက်ဖြန့်ဝေခြင်းကို ပိုမိုပွင့်လင်းလာပြီးပိုမိုများပြားလာစေကာ မြန်မာနိုင်ငံရှိကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးအကြောင်း အကျယ်တဝင့် ရေးသားမှုတွေကိုတန်ဖိုးတက်လာစေဖို့ ကြိုးစားပါတယ်။ မြန်မာမြေစိုက်ပျိုးရေးလုပ်ငန်းနဲ့ သစ်တောဖိုရမ် (MyLAFF) ဆွေးနွေးမှုတွေဟာ ကွဲပြားကြပြီး အလွတ်သဘောဖြစ်ကာ ၂၄ နာရီ/ ၇ ရက်လုံး ဖွင့်ထားပါတယ်။ ကျယ်ပြန့်တဲ့အရင်းအမြစ်များက သတင်းများကိုစုစည်းပြီး ပညာရှင်ဆန်ဆန် ကြေငြာချက်များနဲ့ စကားရည်လုပွဲများကို ကြန့်ကြာခြင်း သို့မဟုတ် ဆင်ဆာဖြတ်ခြင်းမရှိပဲ တင်နိုင်အောင် နေရာစီစဉ်ထားပါတယ်။

### ၁-၇။ ဖွင့်ထားသော သတင်းအချက်အလက်မျှဝေခြင်း ဆိုတာဘာကိုဆိုလိုပါသလဲ။

မြန်မာ့မြေယာ၊ စိုက်ပျိုးရေးလုပ်ငန်းနဲ့သစ်တောဖိုရမ် (MyLAFF)ဟာ ဖွင့်ထားတဲ့အရင်းအမြစ်၊ ဖွင့်ထားတဲ့ အခွင့်အလမ်းနဲ့ ဖွင့်ထားတဲ့စိတ်ထားများဆိုတဲ့ သတ်မှတ်ချက်များအောက်တွင် လုပ်ကိုင်ဆောင်ရွက် ပါတယ်။ ပိုပြီးသိချင်တယ်ဆိုရင်တော့ မြန်မာ့မြေယာ၊ စိုက်ပျိုးရေးလုပ်ငန်းနဲ့ သစ်တောဖိုရမ် (MyLAFF)

သုတဘဏ်မှာဒေါင်းလုတ်ချရယူ နိုင်တဲ့ "ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်များဆီသို့ လက်လှမ်းမီစေရေး ဒုံးဒွတ် ထုတ်ပြန်ချက်" (The Dongdok Statement on Access to Information for Development- Dongdok SAID) ကိုဖတ်ကြည့်စေချင်ပါတယ်။

**၁-၈။ မြန်မာမြေစိုက်ပျိုးရေးလုပ်ငန်းနဲ့သစ်တောဖိုရမ် (MyLAFF) ကိုဘယ်သူစီမံခန့်ခွဲပါသလဲ။**

မြန်မာ့ မြေယာ၊ စိုက်ပျိုးရေးလုပ်ငန်းနဲ့ သစ်တောဖိုရမ် (MyLAFF)ကို အများပြည်သူနဲ့ဆိုင်တဲ့ ဝန်ဆောင်မှုအဖြစ် မြေယာမဏ္ဍိုင်အဖွဲ့ (LCG) က စီမံခန့်ခွဲပါတယ်။ ဒီဝန်ဆောင်မှုအတွက် ရံပုံငွေကို နေထိုင်ရေးနှင့်အစားအသောက် လုံခြုံရေး ထောက်ပံ့မှု ရံပုံငွေအဖွဲ့(LIFT)နဲ့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွစ်အေဂျင်စီ(SDC) တို့မှ ထောက်ပံ့ပေးပါတယ်။

**၁-၉။ ဘယ်သူတွေကအလုပ်လုပ်ပေးနေတာလဲ။**

အလုပ်အများစုကို အဖွဲ့ဝင်တွေက လုပ်ပါတယ်။ မိုင်လပ်ဖ်(MyLAFF) ရဲ့ သတင်းအများစုဟာ အဖွဲ့ဝင်စစ်စစ်တွေက တင်ကြတာဖြစ်ပါတယ်။ ဖိုရမ်ရဲ့ ညှိနှိုင်းပေးသူဟာ Casper Palmano ဖြစ်ပြီး LCG ရဲ့ အကြံပေးပုဂ္ဂိုလ် ဖြစ်ပါတယ်။ ပြည်တွင်းနဲ့ နိုင်ငံတကာမီဒီယာများမှ နောက်ဆုံးပေါ်သတင်းများကိုတင်ပေးပြီးMyLAFF ဝက်ဘ်ဆိုဒ်မှာ ဖိုင်တွေတင်ချင်တဲ့အခါ အသင်းဝင်သစ်ရောက်တဲ့အခါ သူက သဘောတူညီချက်ပေးမှ ရပါတယ်။ သူ့ကို mylaffmoderator@gmail.com ကနေ ဆက်သွယ်နိုင်ပါတယ်။

**၁-၁၀။ စည်းကမ်းတွေကိုဘယ်သူသတ်မှတ်လဲ။**

MyLAFF သုတဘဏ် ဝက်ဘ်ဆိုဒ်နဲ့ ဂူဂဲလ်အုပ်စုတို့ရဲ့ ပဏာမ လုပ်ဆောင်မှုသတ်မှတ်ချက်တွေနဲ့ စည်းကမ်းချက်တွေကို LaoFAB (www.laofab.org) မှ ကြော်ငြာကဏ္ဍအောက်မှာရေးဆွဲခဲ့ပါတယ်။ အဲဒီနောက် MyLAFF အဖွဲ့ဝင်တွေကို ၂၀၁၅က စစ်တမ်းကောက်ယူမှုတစ်ခုမှာ ပါဝင်ဖို့ ဖိတ်ကြားခံခဲ့ရပြီး ဝက်ဘ်ဆိုဒ်ရဲ့ စည်းကမ်းချက်တွေ၊ သတ်မှတ်ချက်တွေနဲ့ လုပ်ဆောင်မှုတွေကို မြှင့်တင်ခဲ့ပါတယ်။ စစ်တမ်းကောက်ယူမှုတွေ အခါအားလျော်စွာ ပြုလုပ်သွားမှာဖြစ်ပြီးမိတ်ဆွေ တို့လို အဖွဲ့ဝင်များအနေဖြင့်လည်း MyLAFF ကို မိမိအတွက် အကျိုးရှိစေမယ့်တစ်ခုခု ဖြစ်လာအောင် ကူညီပံ့ပိုးပေးနိုင်ပါတယ်။

LaoFAB က လိုက်နာကျင့်သုံးတဲ့အခြေခံစည်းမျဉ်းတွေကတော့

(က) MyLAFFရဲ့နယ်ပယ်ကိုမပြောင်းရဘူး၊ (ခ)ဖိုရမ်ကိုအရေးမပါတဲ့ သတင်းလဲလှယ်မှုတွေနဲ့ ကြာရှည်လွန်းတဲ့စကားရည်လုပွဲတွေအတွက် မသုံးရဘူး၊ (ဂ) ဆွေးနွေးမှုတွေကိုခင်ခင်မင်မင်နဲ့ အကျိုးရှိအောင် လုပ်ပေးဖို့ လိုအပ်တဲ့အခါ ညှိနှိုင်းသူက ကြားဝင်ဆောင်ရွက်သင့်တယ်။

### ၁-၁၁။ MyLAFFပေါ်မှာဆွေးနွေးမှုတွေဟာ တရားဝင်အခြေအနေမျိုး ဖြစ်နိုင်လား။

မဖြစ်ပါဘူး။ ဒီဖိုရမ်မှာဖော်ထုတ်တဲ့ အတွေးအမြင်တွေဟာ အဖွဲ့ဝင်တစ်ဦးချင်းစီရဲ့ အတွေးအမြင်တွေဖြစ်ပြီး သူတို့အလုပ်လုပ်နေတဲ့ အဖွဲ့အစည်းတွေနဲ့မသက်ဆိုင်ပါဘူး။

## ၂။ အဖွဲ့ဝင်ဖြစ်ခြင်း

### ၂-၁။ အဖွဲ့ဝင်ရင် ဘယ်လောက်ပေးရပါသလဲ။

အခမဲ့ပါ။

### ၂-၂။ ကောင်းလိုက်တာ၊ ဘယ်လို အဖွဲ့ဝင်ခွင့် လျှောက်နိုင်ပါသလဲ။

MyLAFFအုပ်စုရဲ့ စာမျက်နှာ http://groups.google.com/group/MyLAFFကိုသွားပြီး “အဖွဲ့ဝင်ခွင့်လျှောက်ရန်” ဆိုတဲ့နေရာကို နှိပ်ပါ။ ဂူဂဲလ်မှ အတည်ပြုစာကိုသင့်ဆီပို့ပေးပါလိမ့်မယ်။ အဲဒီသတင်းစကားထဲမှာပါတဲ့ လျှောက်လွှာလုပ်ငန်းစဉ်ကို ပြည့်စုံအောင်လုပ်ပါ။

### ၂-၃။ အသင်းဝင်တဲ့အခါ ကိုယ်ရေးအချက်အလက်တွေကိုဘာလို့တောင်းတာလဲ။

အသင်းဝင်ခွင့်ကို သဘောတူညီမှုမပြုခင် မိတ်ဆွေရဲ့ အလုပ်အကိုင်၊ အဖွဲ့အစည်း၊ နေထိုင်တဲ့နိုင်ငံနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို ပေးဖို့ တောင်းဆိုပါလိမ့်မယ်။ ရည်ရွယ်ချက်ကတော့ မိတ်ဆွေ ဟာမြန်မာနိုင်ငံရဲ့ မြေကိစ္စတွေကို တကယ် သဘောရိုးနဲ့စိတ်ဝင်စားတာဖြစ်ပြီးတမင်သက်သက်စာတွေ ပို့နေသူမဟုတ်ကြောင်း သေချာအောင်လို့ပါ။ နည်းနည်းပါးပါးပြောပြရုံပါပဲ - အမည်နဲ့ ဆက်သွယ်ရန် အပြည့်အစုံကို ပြောပြပေးဖို့မလိုပါဘူး။ အဲဒီအချက်အလက်တွေကို ဖြည့်ပြီးတာနဲ့တပြိုင်နက် ထိန်းချုပ်သူကမိတ်ဆွေရဲ့လိပ်စာကို MyLAFF ဂူဂဲလ်အုပ်စုမှာ ထည့်ပေးလိုက်မှာပါ။

**၂-၄။ အဲဒီဂူဂဲလ်အုပ်စုဆိုတာဘာလဲ။**

ဂူဂဲလ်အုပ်စုဆိုတာ စိတ်ဝင်စားမှုတူကြတဲ့သူတွေကို စုစည်းဆွေးနွေးခွင့်ပြုတဲ့ ဂူဂဲလ်ဝန်ဆောင်မှုတစ်ခု ဖြစ်ပါတယ်။ MyLAFFအုပ်စုကိစ္စမှာတော့ အဖွဲ့ဝင်တစ်ဦးက mylaff@googlegroups.comကို စာပို့လိုက်တယ်ဆိုရင် အခြားအဖွဲ့ဝင်တွေဆီ အလိုအလျောက်ရောက်သွားမှာဖြစ်ပါတယ်။

**၂-၅။MyLAFFရဲ့ အခြားအဖွဲ့ဝင်တွေက ဘယ်သူတွေလဲ။**

အဖွဲ့ဝင်တွေထဲမှာ အစိုးရအရာရှိကြီးများ၊ အလှူရှင်အေဂျင်စီများနဲ့ NGOများမှ ဝန်ထမ်းများ၊ စီမံချက်ကျွမ်းကျင်ပညာရှင်များ၊ စာပေပညာရှင်များနဲ့ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပါတယ်။

**၂-၆။ အဖွဲ့ဝင်ဘယ်နှယောက်ရှိပါသလဲ။**

၂၀၁၆ ခုနှစ် စက်တင်ဘာလကုန်မှာ MyLAFF ရဲ့ အဖွဲ့ဝင် ၅၇၆ ဦးရှိပြီဖြစ်ပါတယ်။

**၂-၇။ တကယ်လို့ အဖွဲ့ဝင်အဖြစ်ဝင်မယ်ဆို ဘယ်လိုစာမျိုးတွေ ရရှိနိုင်မှာပါလဲ။**

ပျမ်းမျှအားဖြင့် နှစ်ရက်မှာစာအစောင်ရေ ၅-၆ နှုန်းတင်ပါတယ်။ တချို့ရက်တွေမှာ အဲဒီအရေအတွက်ထက် ၂ ဆပိုနိုင်ပြီး တခါတခါတော့ ဘာစာမှမတင်ဖြစ်တာလည်းရှိပါတယ်။ ဂူဂဲလ်အုပ်စုမှာ အဖွဲ့ဝင်များလာတာနဲ့ အမျှ အရေအတွက်တိုးလာမှာဖြစ်ပါတယ်။

**၂-၈။MyLAFFမှာဆွေးနွေးတဲ့ အကြောင်းအရာနယ်ပယ်ကဘာလဲ။**

အမြဲစိတ်အားထက်သန်စွာပြောဖြစ်ကြတဲ့ ခေါင်းစဉ်တွေကတော့ လွန်ခဲ့တဲ့လအနည်းငယ်က ဆွေးနွေးဖြစ်ခဲ့တာတွေ ပြောပါရစေ။ အစိုးရစီမံကိန်းတွေနဲ့ မူဝါဒတွေ၊ ကျေးလက်လူနေမှုဘဝကို သတ္တုတွင်းတွေနဲ့ ရေအားလျှပ်စစ်စက်ရုံတွေရဲ့ အကျိုးသက်ရောက်မှု၊ ကန်ထရိုက်လယ်ယာစိုက်ပျိုးခြင်းနဲ့ တောင်သူလယ်သမားအဖွဲ့အစည်းရဲ့ကဏ္ဍ၊ ပြောင်းဖူး၊ ဆီအုန်း၊ ကြံနဲ့ရာဘာစတဲ့ငွေရလွယ်တဲ့ သီးနှံတွေကိုအရှိန်ဖြင့်မြှင့်တင်ခြင်း၊ မြေသိမ်းခြင်းနဲ့ အကျင့်ပျက်ခြစားခြင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၊ ကမ္ဘာ့ဘဏ်နဲ့အခြားဘဏ်တွေရဲ့ လုပ်ဆောင်ချက်တွေ၊ သစ်တောနဲ့ ဇီဝကွဲပြားခြားနားမှု စတာတွေပါပဲ။

### ၂-၉။ ဘာမဆိုပြောလို့ရမယ့်သဘောထင်တယ်။ ရမလား။

မဟုတ်ပါဘူး။ ခေါင်းစဉ်တွေကအများကြီးပေမဲ့ အဖွဲ့ဝင်တွေအနေနဲ့ ဝက်ဘ်ဆိုဒ်တွေမှာ တွေ့သမျှ သတင်းဆောင်းပါးတွေကို မျှဝေတာ၊ ခေါင်းထဲပေါ်သမျှ အထင်အမြင်တိုင်းကို ပြောတာတွေကို တားမြစ်ပါတယ်။ အကြောင်းအရာတွေဟာမြေကိစ္စနဲ့ပတ်သက်တဲ့ကိစ္စတွေ၊ သဘာဝရင်းမြစ်စီမံခန့်ခွဲမှု သို့မဟုတ် မြေယာရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်တွေ၊ အခြားအဖွဲ့ဝင်တွေအတွက် ပညာရှင်ဆန်ဆန် စိတ်ဝင်စားမှုတွေ စတာတွေနဲ့ ဆက်စပ်ရပါမယ်။

## ၃။ အဖွဲ့ဝင်ရွေးချယ်မှုများ

### ၃-၁။ ကူညီပါဦး၊ စာတွေအားလုံးကိုအကုန်မနိုင်တော့ဘူး၊ ဘာလုပ်သင့်သလဲ။

မိတ်ဆွေရဲ့ အဖွဲ့ဝင်ဆက်တင်ကို ပြောင်းဖို့လိုနေတာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

### ၃-၂။ ဟုတ်ပြီ၊ ဒါဆိုဘယ်လိုလုပ်ရမလဲ။

MyLAFFဂူဂဲလ်အုပ်စု ဝက်ဘ်ဆိုဒ် (၆-၃ တွင်ကြည့်ပါ) ကိုသွားပြီးဖန်သားပြင်ရဲ့ ညာဘက်ထိပ် စွန်းက 'MySettings' လို့နာမည်ပေးထားတဲ့ မီးခိုးရောင်အကွက်လေးကို နှိပ်ပါ။ နေ့စဉ်ဝင်နေတဲ့ အီးမေးလ်တွေကိုစီးမံခန့်ခွဲနိုင်ဖို့ 'Membership and e-mailsettings' ဆိုတဲ့ ရွေးချယ်မှုကိုရွေးချယ်ပါ။

ပုံ - စကရင်ဖန်သားပြင်ရဲ့ ညာဘက်ထိပ် စွန်းက 'MySettings'

### ၃-၃။ ရွေးချယ်မှုတွေကဘာတွေလဲ။

က ) အီးမေးလ် မဝင်ရ - မိတ်ဆွေရဲ့ မေးလ်ထဲကို ဘာမှမဝင်တော့ပါဘူး၊ ဒါပေမဲ့ ဝက်ဘ်ဆိုဒ်မှာ စာတွဝေင်ဖတ်တာ တင်တာတွေ လုပ်လို့ရပါတယ်။

ခ ) အကျဉ်းချုပ် အီးမေးလ် - လွန်ခဲ့တဲ့ ၂၄ နာရီအတွင်းတင်ခဲ့တာတွေကိုအကျဉ်းချုပ်ပြောပြထားတဲ့ အီးမေးလ်တစ်စောင်ပို့မှာဖြစ်ပါတယ်။ လင့်ခ်ကို နှိပ်လိုက်ပြီးအပြည့်အစုံဖတ်နိုင်မှာဖြစ်ပါတယ်။

ဂ) အကျယ် အီးမေးလ် - တစ်နေ့ကိုအီးမေးလ်တစ်စောင်ပဲပို့ပေးမှာဖြစ်ပြီးလွန်ခဲ့တဲ့ ၂၄ နာရီအတွင်းတင်ခဲ့တာတွေကို အပြည့်အစုံအကုန် စုစည်းပြီး ပါဝင်မှာဖြစ်ပါတယ်။

ဃ) အီးမေးလ် - ဒါကတော့ သာမန်ရွေးချယ်မှုဖြစ်ပါတယ်၊ တင်သမျှ စာတွေ တစ်စောင်ချင်းစီကို လက်ခံရရှိနေမှာဖြစ်ပါတယ်။

## ၃-၄။ MyLAFF မှ စာတွေကိုဆန်ကာတင်စစ်လို့ရလား။

ရပါတယ်။ အဲဒီလိုလုပ်ဖို့ prefix[MyLAFF] ကိုအသုံးပြုနိုင်ပါတယ်။ prefix မှာစာအားလုံးအတွက် အကြောင်းအရာတွေရဲ့ အဓိကစာကြောင်း ပါဝင်တာဖြစ်ပါတယ်။ ဒါကြောင့် စာတွေအားလုံးကို သီးသန့်ဖိုင်ထဲကိုပို့ပေးဖို့ အလိုအလျောက်လုပ်ပေးအောင် သုံးလို့ရပါတယ်။ ဒါဆိုမိတ်ဆွေ ရဲ့ မေးလ်အဝင်ဖိုင်ထဲမှာMyLAFF က စာတွေပြည့်နေတာကနေကာကွယ်နိုင်မှာဖြစ်ပါတယ်။

## ၃-၅။ ဒါကိုစိတ်မဝင်စားဘူး။ အဖွဲ့မှထွက်မယ်ဆိုဘယ်လိုလုပ်ရမလဲ။

အဖွဲ့ကထွက်ချင်တာသေချာပါသလား။ စာတွေအရမ်းများလို့ ထိန်းသိမ်းကိုင်တွယ်ဖို့ အခက်အခဲရှိနေရင် အဖွဲ့ဝင်ဆက်တင်ကို ပြောင်းလိုက်ပြီးနေ့စဉ် အကျယ် အီးမေးလ် တစ်စောင်ပဲရအောင် လုပ်လိုက်ပါ။ "အီးမေးလ်မဝင်ရ" ဆိုတဲ့ရွေးချယ်မှုကိုတောင် လုပ်ထားနိုင်ပြီးMyLAFF ဝက်ဘ်ဆိုဒ်ကို ဝင်ခွင့်ရနေအောင် လုပ်ထားလို့ရပါတယ်။

## ၃.၆။ တကယ် ဒီနေရာကနေထုတ်ပေးပါလား

မိတ်ဆွေဒီအုပ်စုကနေတကယ်ကြီးထွက်ချင်ရင် MyLAFFဂူဂဲလ်ဝက်ဘ်ဆိုက်မှာ စာရင်းသွင်းထားတာကို ဖျက်လိုက်လို့ ရတယ်။ မလုပ်တတ်ရင် လုပ်ပေးတဲ့သူကိုစာတိုလှမ်းပို့လိုက်ပါ။ (၁.၉ ကို ကြည့်ပါ။) စာရင်းမသွင်းထားတဲ့ သတင်းစကား ကိုဆွေးနွေးပွဲသို့လုံးဝမပို့ပါနဲ့။

# ၄။ စာတိုပေးပို့ခြင်းများ

## ၄.၁။ MyLAFFစာတိုကိုဘယ်လို ပြန်ရေးပို့ရမလဲ

ဒါကလွယ်ပါတယ်။ ' ပြန်ဖြေရန်' ဆိုတာလေးကိုနှိပ်ပြီး မိတ်ဆွေရေးချင်တာကို ရေးပါ။ ပြီးတော့ ' ပို့ရန်' ဆိုတာကို နှိပ်ပါ။ တစ်ခုသတိရရမှာကမိတ်ဆွေရဲ့ပြန်ဖြေထားတဲ့ သတင်းစကားဟာ တင်လိုက်သူ တစ်ယောက်တည်းမဟုတ်ဘဲ အဖွဲ့ဝင်အားလုံးဆီကိုရောက်သွားမှာပါ။

## ၄.၂။ ပေးပို့တဲ့လူဆီကိုပဲပို့ချင်တာ၊ အုပ်စုဆီကိုမဟုတ်ဘူးဆိုရင် ဘာလုပ်ရမလဲ

‘ ရှေ့ဆက်ရန်’ ဆိုတာကိုနှိပ်ပြီးသင်ပို့ချင်သူရဲ့ လိပ်စာကိုထည့်ပါ။ ( ဂူဂဲလ်ဝက်ဘ်ဆိုဒ်က ဖတ်ထားတာ ဆိုရင်တော့ ပို့စ်တိုင်းရဲ့အောက်ခြေမှာ ‘ စာရေးဆရာကိုပြန်ပို့ပါ’ ဆိုတဲ့ ရွေးစရာလေး ရှိပါတယ်။)

## ၄.၃။ အကြောင်းအရာသစ်ကိုဘယ်လိုစဆွေးနွေးရမလဲ

ထောက်ခံထားတဲ့နည်းနဲ့ အလွယ်နည်း ဆိုပြီး အကြောင်းအရာကို စဆွေးနွေးနည်းနှစ်နည်းရှိပါတယ်။ ထောက်ခံထားတဲ့နည်းဆိုတာက သတင်းစကားအသစ်တစ်ခုကိုဖွင့်ပြီး MyLAFFလိပ်စာ (mylaff@googlegroups.com) ကိုသတင်းစကားကို မြှားထဲရိုက်ထည့် သို့မဟုတ် ကူးထည့်လိုက်ပါ။ အကြောင်းအရာကို စာစီပြီးသတင်းစကားကိုရေးပြီးနောက် ‘ ပို့ရန်’ ကိုနှိပ်ပါ။ အခြားတစ်နည်းကတော့ မိတ်ဆွေဟာ ဂူဂဲလ်အုပ်စုစာမျက်နှာမှာမျက်နှာပြင်ရဲ့ ဘယ်ဘက်ထောင့်စွန်းရှိအနီရောင် ‘ အကြောင်းအရာ အသစ်’ ဆိုတဲ့ခလုတ်လေးကို နှိပ်လိုက်တာနဲ့ အကြောင်းအရာသစ်တစ်ခုကို စတင်နိုင်ပါတယ်။

## ၄.၄။ အကြောင်းအရာသစ်ကိုစတင်ဖို့အလွယ်နည်းကရော

အလွယ်နည်းကတော့ MyLAFF သတင်းစကား အဟောင်းတစ်စောင်ကိုဖွင့်ပြီး ‘ ပြန်ဖြေရန်’ ကိုနှိပ်လိုက်ပါ။ အကြောင်းအရာ ဆိုတဲ့အပိုင်းကို ပြောင်းပြီး မိတ်ဆွေရဲ့သတင်းစကားအသစ်ကိုမရေးခင် နဂိုရှိနေတဲ့ စာသားအဟောင်းတွေကို (မိတ်ဆွေရဲ့သဘောနဲ့) ဖျက်ပစ်လိုက်တာပါပဲ။ ။ ကျေးဇူးပြုပြီး မလုပ်လိုက်ပါနဲ့။ ရလဒ်ကတော့ အွန်လိုင်းပေါ်မှာတွေ့ရမယ့် MyLAFFမှာ စတင်ဆွေးနွေးတဲ့ ခေါင်းစဉ်အောက်ထဲ မဆိုင်တာ တွေပါရောနှောပြီး သတင်းစကားတွေ ရောနှောရှုပ်ထွေးနေတာပဲ အဖတ်တင်မှာပါ။ MyLAFF ဝက်ဘ်ဆိုက်မှာဝင်ဖတ်တဲ့ အဖွဲ့ဝင်တွေကို စိတ်ရှုပ်ထွေးစေပါတယ်။ ‘ ပြန်ဖြေရန်’ ခလုတ်ကို ရှိပြီးသား အကြောင်းအရာလမ်းကြောင်းထဲ အချက်အလက် သို့မဟုတ် မိမိရဲ့အမြင်ကို ထပ်ထည့်ချင်တဲ့အခါပဲ အသုံးပြုသင့်ပါတယ်။ အဲဒါဆို အကြောင်းအရာ ကို ပြောင်းစရာလည်း မလိုတော့ဘူးလေ။

## ၄.၅။ MyLAFF လိပ်စာကို သတင်းစကား ပို့တဲ့အခါ မရဘူးလို့ပြောတာဘာဖြစ်လို့ပါလဲ

မိတ်ဆွေက အဖွဲ့ဝင်မဟုတ်လို့ဖြစ်မှာပါ။ အဖွဲ့ဝင်ဖြစ်တယ်ဆိုရင်လည်း MyLAFFကို ချိတ်ထားတဲ့ အီးမေးလ်ကို မသုံးဘဲ အီးမေးလ်နောက်တစ်ခုနဲ့ ဝင်နေလို့လည်း ဖြစ်နိုင်ပါတယ်။ ဂူဂဲလ်က အဖွဲ့ဝင်စာရင်းမှာပါတဲ့ သူတွေရဲ့ သတင်းစကားတွေကိုပဲလက်ခံပါတယ်။

### ၄.၆။ မြန်မာစကားသို့မဟုတ် တိုင်းရင်းသားဘာသာစကားနဲ့ရော သတင်းစကား ပို့လို့ရပါသလား

ဟုတ်ကဲ့၊ ရပါတယ်။ ရှိပြီးသားဆွေးနွေးတဲ့အကြောင်းအရာထဲဝင်ဆွေးနွေးမယ်ဆိုရင် ' ပြန်ဖြေရန်' ဆိုတာကို နှိပ်ပြီးရိုးရိုးရေးသွားရုံပဲ။ ဆွေးနွေးမယ့်အကြောင်းအရာသစ်၊ သို့မဟုတ် ဆောင်းပါး၊ ဒါမှမဟုတ် ဆက်သွယ်ချိတ်ဆက်စေလိုတဲ့ လိပ်စာ (လင့်ခ်)ထဲက စာ ဟာမြန်မာဘာသာနဲ့ဖြစ်မယ်ဆိုရင် သတင်းစကား၊ ဆက်စပ်တဲ့ ဆောင်းပါးများရှေ့မှာ |MM| လို့ရေးပေးပါ။ ဒီလိုရေးပေးခြင်းအားဖြင့် ဖိုရမ်နဲ့ သုတဘဏ်ကို စီမံရလွယ်ကူစေပါတယ်။

### ၄.၇။ အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာလုံးရတဲ့ ဘာသာပြန်ဆောင်းပါးတွေကိုတင်သင့်သလား

တင်ပါ။ MyLAFFရဲ့ အဓိကရည်ရွယ်ချက်က ပါဝင်တဲ့သူတွေကြားက အပြန်အလှန်ဆက်သွယ်မှုတွေ အားကောင်းလာစေပြီး သတင်းအချက်အလက်တွေ ဝေမျှပေးတာပါ။ တင်လို့ရှိရင် မူရင်းစာနဲ့ ဘာသာပြန်ကို သီးခြားတင်ပေးပါ။ ဒါမှ သုတဘဏ်မှာ သိမ်းရတာလွယ်ကူမှာမို့ပါ။ ဆောင်းပါးနဲ့ပတ်သက်သမျှ စာတွေအားလုံးကို မြန်မာဘာသာနဲ့ဆိုရင် အရှေ့က |MM| ထည့်ဖို့မမေ့ပါနဲ့။

### ၄.၈။ [NLM] ဆိုတာဘာလဲ၊ အဲဒါကရိုးရိုးမီဒီယာနောက်ဆုံးရသတင်းတွေနဲ့ ဘယ်လိုကွာသလဲ

[NLM]= The Global New Light of Myanmar (မြန်မာ့အလင်း)။ အခုအချိန်မှာ အဲဒီသတင်းစာက အင်္ဂလိပ်ဘာသာစကားသုံးတဲ့ အစိုးရရဲ့အာဘော်ကို အင်္ဂလိပ်ဘာသာစကားနဲ့ ထုတ်ဝေတာဖြစ်တဲ့အတွက် ဒီရင်းမြစ်က ဆောင်းပါးတွေကို ရယူဖို့ ရွေးချယ်ထားရခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီဆောင်းပါးတွေဟာ ပြည့်စုံတယ်လို့တော့မပြောနိုင်ပါဘူး။ အခြားအစိုးရအာဘော် သတင်းတွေကတော့ မြန်မာဘာသာစကားနဲ့ပဲ ရနိုင်ပါတယ်။ ကြေးမုံဒါမှမဟုတ် ရတနာပုံကဆောင်းပါးတွေကိုတင်ချင်ရင်တော့ မြန်မာဘာသာဆောင်းပါးတွေတင်ရင်ရှေ့ကထည့်ရတဲ့ |MM| ကိုမသုံးပဲ |KM| သို့မဟုတ် |YB| လို့ရှေ့ကရေးပေးပါ။

### ၄.၉။ (MyLAFF) မိုင်လပ်ဖ် မှာကြော်ငြာလို့ရပါသလား

မရပါ။ ဒီနေရာကအတတ်ပညာဆိုင်ရာ သတင်းအချက်အလက်တွေကို မျှဝေတဲ့နေရာဖြစ်ပါတယ်။ ကုန်ပစ္စည်းတွေနဲ့ ဝန်ဆောင်မှုတွေကိုကြော်ငြာတဲ့နေရာမဟုတ်ပါဘူး။ တစ်ခါတစ်လေ အတတ်ပညာပိုင်းဆိုင်ရာနဲ့ စီးပွားရေးပိုင်းဆိုင်ရာ သတင်းအချက်အလက်တွေဟာ အနည်းငယ် ရောထွေးနေတတ်ပါတယ်။ ကောင်းရာကောင်းကြောင်းနဲ့ အဆက်အသွယ်တွေ ညွှန်းပေးကြတာကို မတားပေမယ့် ကုမဏီနဲ့ ထုတ်ကုန်တွေကိုဖြောင်ကျကျကြော်ငြာတာကိုတော့ ခွင့်မပြုပါဘူး။

### ၄.၁၀။ အလုပ်ကြော်ငြာတွေရောတင်လို့ရလား

အလုပ်ကြော်ငြာတွေကိုအောက်ပါအချက်တွေနဲ့ ညီရင် ခွင့်ပြုပါတယ်။

အလုပ်နေရာဟာ မြန်မာနိုင်ငံမှာရှိရပါမယ်။ အလုပ်ဟာမြေယာစီမံခန့်ခွဲမှု၊ စိုက်ပျိုးရေး၊ သဘာဝအရင်းအမြစ်၊ မြေနဲ့ဆက်စပ်တဲ့ရင်းနှီးမြှုပ်နှံမှုနဲ့ ကျေးလက်ဖွံ့ဖြိုးတိုးတက်မှု စတာတွေနဲ့ ဆက်စပ်တဲ့ နယ်ပယ်တွေမှာ အတတ်ပညာဆိုင်ရာအတွေ့အကြုံလိုအပ်တဲ့ အလုပ်ဆိုရင် တင်လို့ရပါတယ်။ အလုပ်ကြော်ငြာတင်ချင်ရင် အခြားစာရွက်စာတမ်းတွေ ပူးတွဲပြီးတင်လို့ မရဘူးဆိုတာသတိရပါ။ (၅.၈ ကိုကြည့်ပါ။)

## ၅။ ရှောင်ရမည့်အရာများ

### ၅.၁။ ဆွေးနွေးပွဲဟာထိန်းချုပ်ထားလား

ယေဘုယျပြောရရင် မိုင်လပ်ဖ်(MyLAFF) ရဲ့ ဆွေးနွေးမှုတွေက ထိန်းချုပ်မထားပါ။ အဖွဲ့ဝင်တွေဟာ အကြောင်းအရာသစ်တွေကို ကြိုက်တဲ့အချိန် စတင်နိုင်ပါတယ်။ ကြားကထိန်းသိမ်းသူမမြင်ရဘဲ၊ ခွင့်မပြုဘဲ တောင် သတင်းစကား အများစုဟာအခြားအဖွဲ့ဝင်တွေဆီကို ချက်ချင်းရောက်ရှိသွားပါတယ်။

### ၅.၂။ တစ်ချို့အဖွဲ့ဝင်တွေကိုတော့ ထိန်းချုပ်ထားတာပါနော်။

အခုထိတော့ ထိန်းချုပ်ထားတဲ့ အဖွဲ့ဝင်ရယ်လို့ မရှိပါဘူး။ ဒါပေမယ့် ဒါကအပြောင်းအလဲရှိနိုင်ပါတယ်။ အဖွဲ့ဝင်တွေက သိပ်အကူအညီ မဖြစ်တဲ့သတင်းစကားတွေပို့ရင် ထိန်းချုပ်ရမယ့်စာရင်းထဲမှာ ထည့်ထားပါတယ်။ ဒီအဖွဲ့ဝင်တွေဟာထိန်းချုပ်သူက ကြည့်ရှုစစ်ဆေးထားတဲ့ သတင်းစကားတွေ ဆက်လက်ပေးပို့နိုင်ပါတယ်။ သတင်းစကားဟာအကူအညီမဖြစ်ရင် ဖျက်ပစ်မှာပါ။ အဆင်ပြေရင်တော့ ဆွေးနွေးပွဲထဲထည့်ပေးမှာပါ။

### ၅.၃။ ‘ အကူအညီမဖြစ်တဲ့ သတင်းစကား’ ဆိုတာဘာလဲ

အဖွဲ့ဝင်တွေကို ထိန်းချုပ်စာရင်းထဲမှာ ထည့်ရတဲ့အကြောင်းအရာတွေက အောက်ပါအတိုင်းဖြစ်ပါတယ်။ က) ဖိုရမ်ကသတ်မှတ်ထားတဲ့ အကြောင်းအရာတွေရဲ့ အပြင်ဘက်ရောက်နေတဲ့ သတင်းစကားများပေးပို့ခြင်း၊ ခ) စော်ကားပုတ်ခတ်တဲ့သတင်းစကား၊ ဂ) အာလာပသလ္လာပပြောတဲ့ သတင်းစကား၊ ဃ) စာရွက်စာတမ်းများ ပူးတွဲခြင်း၊ င) ကွန်ပြူတာမှ အလိုအလျောက်ပြန်ဖြေသည့် သတင်းစကားများ(ဥပမာ- အပြင်သွားနေလို့ပါ၊) ကိုအုပ်စုထဲတင်ခြင်း။

## ၅.၄။ စော်ကားပုတ်ခတ်တဲ့စာဆိုတာဘယ်လိုစာမျိုးလဲ

အဖွဲ့ဝင်တွေဟာတစ်ဦးအပေါ်တစ်ဦးလေးလေးစားစားဆက်ဆံရပါမယ်။ သူတို့ဟာ သဘောထား ကိုက်ညီစရာ မလိုပါ။ ကျွန်တော်တိ်ပိုင္က အကျိုးအကြောင်းသင့် ဆွေးနွေးငြင်းခုန်တာကို သဘောတောင်ကျပါသေးတယ်။ ဒါပေမယ့် ကျွန်တော်တို့ဟာ အချက်အလက်အပေါ်မှာပဲ အာရုံစိုက်သင့်ပြီး တစ်ဦးနဲ့တစ်ဦးစော်ကားရိုင်းပျတဲ့ မှတ်ချက်တွေမပေးသင့်ပါဘူး။ အစိုးရဌာနများ၊ အလှူရှင်အေဂျင်စီများ၊ ပုဂ္ဂလိကကုမ္ပဏီများအပါအဝင် မြေယာ၊ သဘာဝရင်းမြစ်များစီမံခန့်ခွဲမှု၊ မြေယာနှင့်ဆက်စပ်သောရင်းနှီးမြှုပ်နှံမှုနဲ့ ဆက်စပ်တဲ့ အဖွဲ့အစည်းတွေရဲ့ မူဝါဒနဲ့ လှုပ်ရှားမှုတွေကို မေးခွန်းထုတ်နိုင်ပါတယ်။ ဒါပေမယ့် ဆွေးနွေးပွဲရဲ့ အဖွဲ့ဝင်တွေရဲ့ ဉာဏ်အမြော်အမြင်နဲ့ ရိုးသားမှုကိုမေးခွန်းမထုတ်ဘဲ မေးပါ။ ‘အွန်လိုင်းပေါ်မှသင့်လျော်သောကျင့်ဝတ်များ’ အကြောင်းကို ထပ်သိချင်ရင် ဒီလိပ်စာမှာကြည့်ပါ။ http://www.albion.com/netiquette/book/

## ၅.၅။ “ကွန်ပြူတာမှအလိုအလျောက်ပြန်ဖြေသည့်သတင်းစကား” တွေရဲ့ ပြဿနာကဘာလဲ

မိတ်ဆွေရဲ့ ကွန်ပျူတာက MyLAFFလိပ်စာကို မသင့်လျော်သည့် သတင်းစကားတွေပို့နေရင် အဖွဲ့ဝင်အားလုံးဆီကို အလိုအလျောက် ရောက်သွားပါလိမ့်မယ်။ (လူတွေအများကြီးပဲနော်။) တစ်ချို့အဖွဲ့ဝင် တွေက ဒါကိုမကြိုက်ကြဘူး။ စည်းမစောင့်သူတွေဟာ ထိန်းချုပ်စာရင်းထဲကို ရောက်သွားပါလိမ့်မယ်။ ဒီလူတွေဟာ ထိန်းချုပ်သူခွင့်မပြုမချင်းနောက်ထပ်သတင်းစကားတွေ ပို့လို့ရတော့မှာမဟုတ်ပါဘူး။

## ၅.၆။ “ကွန်ပြူတာမှအလိုအလျောက်ပြန်ဖြေသည့် သတင်းစကား” တွေဟာအလိုအလျောက်ဖြစ်နေတာ၊ ပို့တဲ့သူကိုအပြစ်တင်လို့မှ မရတာ

ဒီလိုကိစ္စမျိုးမှာထိန်းချုပ်တာကို စွပ်စွဲတာလို့မမြင်ပါနဲ့။ ဒီသတင်းစကားတွေဟာ မိတ်ဆွေရဲ့ အပြစ်မဟုတ်ဘူး ဆိုတာ ကျွန်တော်တို့ နားလည်ပါတယ်။ တစ်ချို့အဖွဲ့အစည်းတွေက မိတ်ဆွေနဲ့မဆိုင်ဘဲ ဒီလို စာတွေ ပြုလုပ်ထားလေ့ရှိပါတယ်။ ဒီလို “အလိုအလျောက်ပြန်ဖြေသည့် သတင်းစကား” တွေကိုဖန်တီးတဲ့ ဆော့ဝဲလ်မှာ ခြွင်းချက်ထားလို့ရတဲ့ စွမ်းရည်ရှိတတ်ပါတယ်။ ဒါကြောင့် ဒီကိစ္စကိုရှောင်ချင်ရင် မိတ်ဆွေရဲ့ MyLAFF အီးမေးလ်အတွက် အီးမေးလ်ဝန်ဆောင်မှုမှာ ခြွင်းချက်လုပ်လိုက်ပါ။ ဥပမာ- Outlook မှာဆိုရင် 'Tools->Outof Office Assistant->Add Rule' ကိုသွားပါ။

## ၅.၇။ အာလာပသလ္လာပပြောတာဘာမှားလို့လဲ

MyLAFFဟာ Facebook (ဖေ့စ်ဘုတ်) တို့ Twitter (တွစ်တာ) တို့နဲ့ မတူပါဘူး။ အဖွဲ့ဝင်တွေဟာ ဆွေးနွေးတာကို ဘာမှအထောက်အကူမပေးဘဲ သတင်းစကား အရေအတွက်ကိုသာ တိုးပွားစေတဲ့ သာမန်စကားပြော တာတွေကို မကြိုက်ပါဘူး။ ဥပမာ- ‘အကြံပေးတာကျေးဇူးတင်ပါတယ်’၊ ‘ ဒီလိုထပ်ဖြည့်ပေးတဲ့အတွက် ကျေးဇူးပါ’၊ ‘ကျွန်မလုံးဝသဘောတူပါတယ်’၊ ‘ခင်ဗျား လာနောက်နေတာလား’။ ဒီလိုစာတွေကိုသက်ဆိုင်သူသို့ တိုက်ရိုက်ပို့နိုင်ပါတယ်။ အခြားအဖွဲ့ဝင်တွေရဲ့ သတင်းစကား သိမ်းတဲ့နေရာကို အလွန်အကျွံဝန်မပိစေအောင် ရှောင်ပြီးသားဖြစ်သွားတာပေါ့။

## ၅.၈။ စာရွက်စာတမ်းတွေဘာလို့ ပူးတွဲမပေးနိုင်တာလဲ

စာရွက်စာတမ်းပူးတွဲပေးတာကို ရှောင်သင့်ပါတယ်။ မြန်မာနိုင်ငံက အင်တာနက်ဆက်သွယ်နှုန်းကြောင့် MyLAFFရဲ့ အဖွဲ့ဝင် တော်တော်များများဟာနှေးကွေးလေးလံတဲ့ ဆက်သွယ်မှုရှိပါတယ်။ စာရွက်စာတမ်းတွေ ဒါမှမဟုတ် စာမျက်နှာအနည်းငယ်ကတောင် အင်တာနက်ရယူမှုကို ပိတ်ဆို့စေနိုင်ပါတယ်။ ဒါဟာတော်တော် စိတ်အနှောင့်အယှက်ဖြစ်စရာပါ။ ၂ နာရီ ၃ နာရီလောက် စောင့်ပြီးနောက် သူတို့အတွက်အကျိုးမရှိတဲ့ ဖိုင်တွေကိုဖွင့်လျက်သားဖြစ်နေတတ်တယ်။။

## ၅.၉။ ဒီတော့ ဖိုင်ကိုဘယ်လိုဝေမျှကြမလဲ

ရွေးချယ်စရာနှစ်ချက်ရှိပါတယ်။

က) ဝေမျှမယ့်စာရွက်စာတမ်းဟာ အွန်လိုင်းတစ်နေရာရာမှာ ရှိပြီးသားဆိုရင် လင့်ခ် (ဆက်သွယ်ရမည့်လိပ်စာ) ပါတဲ့ စာတစ်စောင်ပို့လိုက်ပါ။ ဒါမှမဟုတ်

ခ) စာရွက်စာတမ်းကို (MyLAFF) မိုင်လပ်ဖ်စာရွက်စာတမ်း ထိန်းသိမ်းရာနေရာ www.mylaff.org မှာ တင်လိုက်ပြီး လင့်ခ်(ဆက်သွယ်ရမည့်လိပ်စာ) ကို ဝေမျှနိုင်ပါတယ်။

# ၆။ MyLAFFဝက်ဘ်ဆိုဒ်များ

## ၆.၁။ MyLAFF မိုင်လပ်ဖ်ဝက်ဘ်ဆိုဒ်ဆိုပြီးရှိတာလား

တကယ်ကဝက်ဘ်ဆိုဒ်နှစ်ခုတောင်ရှိတာ။ ဂူဂဲလ်ကပေးတဲ့ဝက်ဘ်ဆိုဒ်နဲ့ ကျွန်တော်တို့ကိုယ်တိုင် ဖန်တီးထားတဲ့ ‘ (MyLAFF) မိုင်လပ်ဖ်မှတ်တမ်းမှတ်ရာသုတဘဏ် ဝက်ဘ်ဆိုဒ်’ ဆိုပြီးတော့ပါ။

## ၆.၂။ သုတဘဏ် ဆိုတာဘာလဲ

ဒါက ၂၀၁၄ နိုဝင်ဘာမှာစတင်ခဲ့တဲ့ အွန်လိုင်းစာကြည့်တိုက်တစ်ခုပါ။ ဒီဝက်ဘ်ဆိုဒ်ကို www.mylaff.org မှာတွေ့နိုင်ပါတယ်။ MyLAFF အဖွဲ့ဝင်အားလုံးကို သူတို့အီးမေးလ်နဲ့ တွဲစပ်သုံးစွဲနိုင်တဲ့ စကားဝှက်တစ်ခု ပေးထားပါတယ်။ အကောင့်ဖွင့်ဝင်ပြီးနောက် စာရွက်စာတမ်းတွေကိုရှာဖွေ၊ မြည်းစမ်း ၊ တင်၊ ရယူ (ဒေါင်းလုတ်) အကုန်လုပ်နိုင်ပါတယ်။ အသေးစိတ် အချက်အလက်တွေကိုတော့ အောက်မှာ ပြောပြထားပါတယ်။

## ၆.၃။ ဂူဂဲလ်ဝက်ဘ်ဆိုဒ်ဆိုတာကရောဘာလဲ

ကျွန်တော်တို့ရဲ့ ဂူဂဲလ်စာမျက်နှာက http://groups.google.com/group/mylaff ပါ။။ ဂျီမေးလ်(Gmail) ကို စာရင်းသွင်းထားရင် မိတ်ဆွေရဲ့ စာစာရင်း (Mailbox) ကနေ မိုင်လပ်ဖ်(MyLAFF)ကို စာမျက်နှာထိပ်မှာရှိတဲ့ မီနူးတန်းကိုအသုံးပြုပြီး သွားနိုင်ပါတယ်။ ( ‘ more’ (ပိုပြီး) ကိုရွေးချယ်ပါ။ ‘ even more’ (ဒီ့ထက်ပိုပြီး) ကိုထပ်ရွေးချယ်ပါ။ ပြီးတော့ ‘ groups’ (အုပ်စု) ကိုရွေးချယ်ပါ။) MyLAFFရဲ့ စာမျက်နှာမှာ နောက်ဆုံး ဆွေးနွေးချက်တွေကို ဖတ်နိုင်တယ်၊ သတင်းစကားအသစ်တွေတင်နိုင်တယ်၊ အဖွဲ့ဝင် ဆက်တင်တွေပြင်နိုင်တယ်။ သတင်းစကား အဟောင်းတွေရဲ့ သိမ်းထားတဲ့နေရာကို ရှာနိုင်တယ်။ မိတ်ဆွေဟာ မြန်မာနိုင်ငံရှိ ဝိကျေးလက်ဖွံ့ဖြိုးတိုးတက်မှုကိုလုပ်နေရင်တော့ ဒါဟာသိပ်အသုံးဝင်ပါမယ်။

## ၆.၄။ မိုင်လပ်ဖ် ဂူဂဲလ်ဝက်ဘ်ဆိုဒ်ကိုသွားကြည့်မလို့ကြိုးစားတော့ ကျွန်တော်ကအဖွဲ့ဝင်မဟုတ်ဘူးလို့ ပြောပါတယ်။ ဘာဖြစ်လို့လဲ

ဝက်ဘ်ဆိုဒ်ထဲမဝင်ခင် ဂူဂဲလ်ထဲကိုဝင်ရမှာပါ။ ဝင်ဖို့အတွက် ဒီကိုသွားပါ။ https://www.google.com/groups/signin ဝင်ဖို့ ဂူဂဲလ်စကားဝှက်တစ်ခု လိုပါတယ်။ စကားဝှက်မရှိရင် ဝင်တဲ့စာမျက်နှာ (sign in page) မှာရှိတဲ့ ‘ အကောင့်သစ်ဖွင့်မယ်’ ဆိုတာကို နှိပ်ပါ။ ဒါဟာအခမဲ့ ဖြစ်ပြီး ၁ မိနစ်ပဲကြာပါတယ်။ ဂူဂဲလ်က မိတ်ဆွေထံ ကိုအတည်ပြုတဲ့ စာတိုတစ်စောင် ပို့ပါလိမ့်မယ်။ ဒါကို မိတ်ဆွေက တုန့်ပြန်လိုက်ရင် ဝက်ဘ်ဆိုဒ်ကိုသွားကြည့်လို့ရပါပြီ။

**၆.၅။ ဒါဆို မိုင်လပ်ဖ် (MyLAFF) ဂူးဂဲ ဝဘ်ဆိုဒ်ထဲဝင်ဖို့ ဂျီးမေးလ် အကောင့်လိုတာပေါ့။**

မဟုတ်ပါ။ မိတ်ဆွေကို အီးမေးလ်လိပ်စာအတွက် စကားဝှက် တစ်ခု ဂူးဂဲက လုပ်ခိုင်းပါလိမ့်မယ်။ အဖွဲ့ထဲဝင်ရင်တော့ အီးမေးလ်လိပ်စာ တစ်ခုတည်းကိုပဲအသုံးပြုဖို့မမေ့ပါနဲ့။ (အဲဒီအီးမေးလ်က မိုင်လပ်ဖ် သတင်းစကားတွေ မိတ်ဆွေရရှိနေတဲ့လိပ်စာဖြစ်ရပါမယ်)

**၆.၆။ ဒါပေမယ့် စကားဝှက်က နှစ်ခုလိုတယ်မဟုတ်လား။**

ဟုတ်ပါတယ်။ မိုင်လပ်ဖ်သုတဘဏ်အတွက် စကားဝှက်တစ်ခုလိုပါတယ်။ (ဒါကိုကျွန်တော်တို့က ပို့ပေးမှာပါ)။ နောက်စကားဝှက်တစ်ခုက မိုင်လပ်ဖ် ဂူးဂဲအဖွဲ့အတွက်ပါ။ (အဲဒါကကိုယ့်ဘာသာလုပ်ရမှာ)။ ဒါပေမယ့် မိတ်ဆွေက စကားဝှက်တွေကို ပြောင်းလို့ရတယ်၊ ပြန်ပြင်လို့ရတယ်။ ဒါကြောင့် နှစ်ခုလုံးအတွက် စကားဝှက် တစ်မျိုးတည်းထားလို့ ရနိုင်ပါတယ်။

**၆.၇။ ကူပါဦး။ စကားဝှက်မေ့သွားလို့။**

မိုင်လပ်ဖ်ဂူးဂဲအဖွဲ့ ဝက်ဘ်ဆိုဒ်အတွက်ကတော့ မှတ်ပုံတင်တဲ့စာမျက်နှာ (signin page) ကိုဖွင့်ပါ။ (၆.၄တွင်ကြည့်)။ "ကျွန်တော့အကောင့်ကို ဖွင့်လို့မရတော့ဘူး" ဆိုတဲ့အပေါ်တစ်ချက်နှိပ်ပါ။ "စကားဝှက်ကိုပြန်ရှာပါ" ဆိုတာကိုရွေးလိုက်ပါ။ (အစိမ်းရောင်နဲ့ရေးထားတယ်။) အဲဒါက ဝက်ဘ်ဆိုဒ်ရဲ့ မူလစာမျက်နှာပေါ်က "လော့အင်" ခလုတ်ရဲ့အောက်နားမှာရှိပါတယ်။ မိတ်ဆွေကို စကားဝှက် သတိဖော်ပေးပို့နိုင်ဖို့ အီးမေလ်လိပ်စာတောင်းပါလိမ့်မယ်။ (တကယ်လို့ မိတ်ဆွေက အီးမေးလ်ကို မိုင်လပ်ဖ်မှာစာရင်းသွင်းထားရင် ပိုပြီးလွယ်ပါလိမ့်မယ်။) အဲဒီလိုလုပ်လို့ အဆင်မပြေဘူးဆိုရင် အကဲဖြတ်ဆီစာရေးပို့ပါ။ (၁.၉ မှာကြည့်)။

## ၇။ သုတဘဏ်ကိုအသုံးပြုခြင်း

### ၇.၁။ သုတဘဏ်ဆိုတာဘာလဲ။

www.mylaff.org ကသုတဘဏ်မှာ ဥပဒေများ၊ သင်တန်းလက်စွဲများ၊ ဈေးကွက်လေ့လာချက်များ၊ ညီလာခံအစီရင်ခံစာများ၊ တင်ပြချက်များ၊ ပညာရပ်ဆိုင်ရာစာတမ်းများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့များနဲ့အရပ်ဘက်လူမှုအဖွဲ့များ၏ အစီရင်ခံစာများနဲ့ မြန်မာနိုင်ငံတွင်းရှိ မြေယာပြဿနာများ၊ သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု၊ မြေယာနဲ့သက်ဆိုင်တဲ့ရင်းနှီးမြှုပ်နှံမှု စတာတွေနဲ့သက်ဆိုင်တဲ့ မှတ်တမ်းမှတ်ရာများရဲ့ မိတ္တူများရှိပါတယ်။ မှတ်တမ်းမှတ်ရာများကို အင်္ဂလိပ်ဘာသာစကား၊ မြန်မာဘာသာစကားနဲ့ အခြား မြန်မာတိုင်းရင်းသားဘာသာစကားများနဲ့ရရှိနိုင်ပါတယ်။ အများစုဟာ ပီဒီအက်ဖ် ဖိုင်များဖြစ်ပါတယ်။

### ၇.၂။ သုတဘဏ်က မှတ်တမ်းမှတ်ရာတွေကိုဘယ်လိုရယူ ( ဒေါင်းလုတ်) ရမလဲ။

"ရှာပါ" (သို့မဟုတ်) "ရွေးပါ" ခလုပ်ကိုအသုံးပြုပြီး စိတ်ဝင်စားရာခေါင်းစဉ်ကို ရှာဖွေနိုင်ပါတယ်။ မှတ်တမ်းမှတ်ရာရဲ့အသေးစိတ်အချက်အလက်ကိုဖော်ပြထားတဲ့ မှတ်တမ်းကိုဖွင့်ဖို့ ဖိုင်အမည်ပေါ်မှာ ခလုပ်နှိပ်ပါ။ မိတ်ဆွေ လိုချင်တဲ့ မှတ်တမ်းမှတ်ရာဖြစ်ကြောင်း သေချာပြီဆိုရင်တော့ "ဖိုင်ကိုရယူပါ" (ဒေါင်းလုတ်) ဆိုတဲ့ခလုတ်ကိုနှိပ်လိုက်ရုံပါပဲ။

### ၇.၃။ မှတ်တမ်းမှတ်ရာတွေကို ဝက်ဘ်ဆိုဒ်မှာတင်ချင်ရင်ဘယ်လိုလုပ်ရမလဲ။

မီနူး တန်းပေါ်က "ရွေးပါ"ဆိုတဲ့အပေါ်မှာ တစ်ချက်နှိပ်ပါ။ သင့်လျော်ရာ စာတွဲကိုဖွင့်ပါ။ "မှတ်တမ်းကို ဒီစာတွဲပေါ်တင်ပါ"လို့ ပြောထားတဲ့ ခလုတ်ပေါ်မှာ တစ်ချက်နှိပ်ပါ။ အသေးစိတ် အချက်အလက်တချို့ကို ဖြည့်ခိုင်းပါလိမ့်မယ်။ (ခေါင်းစဉ်၊ စာရေးသူ၊ နေ့စွဲ....စသည်ဖြင့်)။ ပြီးရင် စာမျက်နှာရဲ့ အောက်ခြေနားမှာ ရှိတဲ့ "ရွေးပါ" အကွက်ကိုအသုံးပြုပြီး သင်တင်ချင်တဲ့ဖိုင်ကို ကွန်ပြူတာထဲမှာရှာပါ။ နောက်ဆုံးမှာ "မှတ်တမ်းကို တင်လိုက်သည် (Upload) " ဆိုတဲ့အပေါ်မှာ တချက်နှိပ်လိုက်ပါ။ ခင်ဗျားစိတ်ထဲမှာ မသေမချာ ဖြစ်နေရင် မောက်စ်ပို့င့်တာ(မြှားကလေး) ကို အပြာရောင် အချက်အလက် အိုင်ကွန်းပေါ်မှာ အမြဲတင်ထားလိုက်ရင် မျက်နှာပြင်ပေါ်မှာ သဲလွန်စတစ်ခုပေါ်လာပါလိမ့်မယ်။

### ၇.၄။ တင်ချင်တာရှိပေမယ့် ဘယ်စာတွဲမှာတင်ရမယ်ဆိုတာမသိဘူးဖြစ်နေလို့။

စိတ်မပူပါနဲ့။ မိုင်လပ်ဖ်သုတဘဏ် က "ချဲ့လို့ရတဲ့ စာတွဲတွေအဖြစ်စုစည်းထားပါတယ်။ ဖိုင်တစ်ခုထဲကို စာတွဲတစ်ခုထက်ပိုပြီး ထည့်လို့ရပါတယ်လို့ပြောတာပါ။ ဒါပေမယ့် မိတ်ဆွေ ဆီမှာ ခေါင်းစဉ်တစ်ခုအတွက် သုတဘဏ်ထဲမှာ မပါသေးတဲ့ ဖိုင်အများကြီးစုစည်းထားတယ်ဆိုရင်တော့ ထိန်းချုပ်သူဆီ တောင်းခံချက်သာပို့လိုက်ပါ။ သူက မိတ်ဆွေအတွက် စာတွဲအသစ်တစ်ခုဖန်တီးပေးပါလိမ့်မယ်။ ဖိုင်တွေကိုသူ့ဆီ မပို့လိုက်နဲ့နော်။ ကိုယ့်ဘာသာတင်လို့ရတယ်လေ။

**၇.၅။ ဖိုင်တစ်ခုကိုတင်လိုက်တယ်။ ဒါပေမယ့် အွန်လိုင်းပေါ်မှာပေါ်မလာဘူး။ ဘာဖြစ်သွားတာလဲ။**

မိတ်ဆွေရဲ့မှတ်တမ်းမှတ်ရာတွေမြင်နိုင်ဖို့ နှစ်ရက်လောက်အချိန်ကြာမှာပါ။ ထိန်းချုပ်သူကသုံးသပ်ပြီး၊ အတည်ပြုပေးဖို့လိုအပ်လို့ပါ။ သင့်လျော်မှန်ကန်တဲ့ စာတွဲမှာဝင်သွားရဲ့လား၊ ရှာလို့ရနိုင်အောင် အမည်တွဲထားရဲ့လား ဆိုတာသေချာအောင် ပြုလုပ်ပေးတာပါ။

**၇.၇။ မူပိုင်ခွင့်ကိုဘယ်သူရမလဲ။**

မှတ်တမ်းမှတ်ရာတွေနဲ့ ဓါတ်ပုံတွေရဲ့မူပိုင်ခွင့်ဟာ မူရင်း စာရေးသူ ၊ ဓါတ်ပုံရိုက်ထားသူအသီးသီးနဲ့ပဲ သက်ဆိုင်ပါတယ်။ မိုင်လပ်ဖ် သုတဘဏ်ကနေ တဆင့် ရနိုင်အောင်လုပ်ထားတဲ့ ဖိုင်တွေကို "တရားသဖြင့်အသုံးပြုမှု" အပေါ်မှာအခြေခံထားပါတယ်။ အဖွဲ့ဝင်များဟာ ဒီဖိုင်တွေကို စီးပွားရေးဖြစ်သုံးဖို့မဟုတ်ပဲ အခြားရည်ရွယ်ချက်တွေအတွက် အသုံးပြုနိုင်အောင်စီစဉ်ပေးထားတယ်ဆိုတာ နားလည်ရမှာပါ။ မူပိုင်ခွင့်ကိုင်ဆောင်ထားသူကို သိတယ်ဆိုရင်တော့ ကျေးဇူးတင်၊ အသိအမှတ်ပြုရပါမယ်။

**၈.၃။ ဒါကတကယ့်ကိုကောင်းတာပဲ။ သုတဘဏ်ကိုဘယ်သူဖန်တီးတာလဲ။**

ဝက်ဘ်ဆိုဒ်နဲ့ ဆော့ဖ်ဝဲကို ဂျိုအာကင်မ် လာဂျာဗစ်ကပြုလုပ်ထားပါတယ်။ joakim.lagerqvist@gmail.com ကိုဆက်သွယ်နိုင်ပါတယ်။

(MyLAFF) မိုင်လပ်ဖ်တွင် မေးလေ့မေးထ ရှိသည့်မေးခွန်းများ ပုံစံ ၂။

Casper Palmano ( Andrew Bartlett ကိုကျေးဇူးတင်စွာဖြင့်)

၂၀၁၄ခုနှစ်အောက်တိုဘာလ ၁၈ရက်။

စုံစမ်းရန်နှင့်အကြံပြုရန်တို့ကို mylaffmodorator@gmail.com သို့ပေးပို့ပါရန်။